နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

လောင်းကစားဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၄/၉၀)

၁၃၅၂ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်

(၁၉၉၀ ပြည့်နှစ်၊ ဇွန်လ ၂၉ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **လောင်းကစားဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ လောင်းကစားဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည် -

"(ဂ) မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး သို့မဟုတ် ၎င်းအား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသော ရဲအရာရှိတစ်ဦးသည် သက်ဆိုင်ရာ မြို့နယ်အတွင်း ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးအားလည်းကောင်း၊ မှူခင်းတပ်ဖွဲ့မှ တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် ရဲမှူး(မှုခင်း) သို့မဟုတ် မှုခင်းတပ်ဖွဲ့မှူးတာဝန်ကို ထမ်းဆောင်နေသော ရဲအရာရှိသည် ပြည်သူ့ရဲမှုခင်းတပ်ဖွဲ့မှ ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးအားလည်းကောင်း၊ ပြည်သူ့ရဲသတင်းတပ်ဖွဲ့မှ တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် သတင်းတပ်ဖွဲ့မှူးတာဝန်ကို ထမ်းဆောင်နေသော ရဲအရာရှိ သို့မဟုတ် ရန်ကုန်တိုင်းအတွင်း သတင်းတပ်ဖွဲ့ နယ်မြေတာဝန်ခံများအား တိုက်ရိုက်ကွပ်ကဲတာဝန်ခံရသူ ရဲမှူး(ပြည်တွင်းရေးရာဌာနခွဲ) သို့မဟုတ် ဒုတိယရဲမှူးကြီး (အထက်မြန်မာနိုင်ငံ သတင်းတပ်ဖွဲ့ခွဲ၊ မန္တလေး) သို့မဟုတ် ပြည်နယ်နှင့် တိုင်းအသီးသီးတွင် သတင်းတပ်ဖွဲ့တာဝန်ခံအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေသော ဒုတိယရဲမှူးသည် ပြည်သူ့ရဲသတင်းတပ်ဖွဲ့မှ ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးအားလည်းကောင်း ဝရမ်းထုတ်ပေး၍ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးစေနိုင်သည်။"